# မာတိကာ


စာမျက်နှာ

| | | |
|---|---|---|
| * | စာရေးသူ၏ အမှာစာ | ၇ |
| ၁။ | ဟိမဝန္တာ မြေကမ္ဘာ၏ ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်သို့ | ၉ |
| ၂။ | ဘူတန်နိုင်ငံအကြောင်း တစေ့တစောင်း | ၁၇ |
| ၃။ | ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်၏ ထူးခြားချက်များ | ၂၅ |
| ၄။ | ပါရိုမှသည် ပူနာခါဆီသို့ | ၃၅ |
| ၅။ | ဘူတန်၏ ဆောင်းရာသီမြို့တော် ပူနာခါ | ၄၃ |
| ၆။ | ထူးခြားလှသည့် သားဆုပန်ရွာလေး | ၄၉ |
| ၇။ | ဘူတန်နိုင်ငံ၏ မြို့တော် သင်ဖူ | ၅၅ |
| ၈။ | ဘူတန်နှင့် သူ၏ ပွဲတော်များ | ၆၃ |
| ၉။ | ဘူတန်နှင့် ပါရို | ၇၁ |
| ၁၀။ | ကျောက်တောင်ကမ်းပါးထက်က ကမ္ဘာကျော် ကျားသိုက် | ၇၉ |
| * | မှီငြမ်းကိုးကားသော ကျမ်းများ | ၈၇ |


# စာရေးသူ၏ အမှာစာ

ကမ္ဘာကျော် ဟိမဝန္တာတောင်တန်းသည် ပါကစ္စတန်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်နှင့် တရုတ်နိုင်ငံတို့၏ နယ်မြေများပေါ်တွင် တည်ရှိပြီး ယင်းတို့အနက် ဟိမဝန္တာတောင်တန်းဒေသ၌ တစ်နိုင်ငံလုံး ပါဝင်တည်ရှိနေသည့် ထူးခြားသည့်နိုင်ငံမှာ ဘူတန် (Bhutan) နိုင်ငံ ဖြစ်ပါသည်။ ဟိမဝန္တာမြေကမ္ဘာတွင် အေးချမ်းသာယာကမ္ဘာငယ်အသွင် တည်ရှိသည့် ဘူတန်နိုင်ငံသည် ``ပျော်ရွှင်ခြင်းနိုင်ငံ``(Land of Happiness) အဖြစ်လည်း ထင်ရှားပါသည်။ သို့ဖြစ်ရာ လွန်ခဲ့သည့်နှစ် အတန်ကြာကပင် ဘူတန်နိုင်ငံကို စာရေးသူ စိတ်ဝင်စားနေခဲ့မိပါသည်။

စာရေးသူသည် ယခင်နှစ်အထိ အကြောင်းကိစ္စရပ်အမျိုးမျိုးဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၅ နိုင်ငံသို့ အကြိမ်များစွာ သွားရောက်ခဲ့သော်လည်း ဘူတန်နိုင်ငံသို့မူ မရောက်ဖြစ်ခဲ့ပါ။ သို့ဖြစ်၍ ဘူတန်နိုင်ငံသို့ သွားရောက်လေ့လာရန် စိတ်ဆန္ဒပြင်းပြနေချိန်တွင် မြန်မာနိုင်ငံမှ Mighty Days Travel ခရီးသွားလုပ်ငန်း၏ ဘူတန်နိုင်ငံခရီးစဉ်ကို သိရှိပြီးနောက် ယခင်နှစ် စက်တင်ဘာလကရင်းတို့နှင့်အတူ ဘူတန်နိုင်ငံသို့ စာရေးသူတို့မိသားစု သွားရောက်ခဲ့ကြပါသည်။

ထိုသို့ ခရီးထွက်ပြီးနောက် ဘူတန်နိုင်ငံတွင် လေ့လာတွေ့ရှိခဲ့ရသည်များနှင့် စိတ်ဝင်စားဖွယ်အချက်များကို ပြည်မြန်မာသတင်းဂျာနယ်၌ စာဖတ်ပရိသတ်များအတွက် အပတ်စဉ်ဆက်တိုက်အခန်းဆက်ခရီးသွားဆောင်းပါးရှည် ရေးသားဖော်ပြခဲ့ပါသည်။ ယခုစာအုပ်တွင် ယင်းသို့ ရေးသားခဲ့သည့် ဘူတန်အကြောင်း ဆောင်းပါးများကို စုစည်းမွမ်းမံ၍ ဖြည့်စွက်တင်ပြထားပါသည်။

ထိုကဲ့သို့ အချက်အလက်များ ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်မွမ်းမံနိုင်ရန် စာရေးသူအနေဖြင့် ဘူတန်နိုင်ငံအကြောင်းကို ထပ်မံရှာဖွေဖတ်ရှုလေ့လာခဲ့ရာ ယခင်ရေးသားခဲ့သည်ထက်ပိုပြီးစိတ်ဝင်စားစရာကောင်းလှသည့်အချက်များနှင့် ထူးခြားချက်များကို သိရှိရပြန်ပါသည်။ ယခုစာအုပ်တွင် ယင်းအချက်များကိုလည်း ထည့်သွင်းဖော်ပြထားရာ ပိုမိုပြည့်စုံပြီး စာဖတ်သူများဖတ်ရှုရာ၌ ကျေနပ်အားရလိမ့်မည်ဟု မိမိယူဆမိပါသည်။

ယခုအခါ ကမ္ဘာ့အနှံ့တွင် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုခေတ်စားလာခဲ့ကြရာ မြန်မာနိုင်ငံသူနိုင်ငံသားများသည်လည်း ပြည်တွင်း၌သာမက ကမ္ဘာအနှံ့ကို ခြေဆန့်နိုင်ခဲ့ကြပါသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအတော်များများကို ရောက်ခဲ့ကြဖူးသော်လည်း ဟိမဝန္တာတောင်တန်းပေါ်က အေးချမ်းသာယာကမ္ဘာငယ်ဟုဆိုနိုင်သည့် ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်သို့ မရောက်ဖူးသေးလျှင် ကမ္ဘာအနှံ့ခရီးဆန့်နိုင်ပြီဟု မဆိုနိုင်ပါ။ သို့ဖြစ်ရာ ရောက်သင့်ရောက်ထိုက်၍ မြန်မာနိုင်ငံမှ မဝေးလှသောနေရာတွင် တည်ရှိသည့် ဘူတန်နိုင်ငံကို စိတ်ဝင်စားသူများ သို့မဟုတ် ထိုနိုင်ငံသို့ သွားရောက်ရန် ရည်ရွယ်ထားသူများနှင့် ယင်းသို့ခရီးထွက်တော့မည့်သူများအတွက် လေ့လာဖတ်ရှုနိုင်ရန် ယခုစာအုပ်ကို စာရေးသူရေးသားပြုစုလိုက်ရပါသည်။

ဤစာအုပ်ကို ရေးသားနိုင်ရန် စာရေးသူအား အဖက်ဖက်မှ တိုက်တွန်းအားပေးကူညီခဲ့ကြသူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်းကိုလည်း ဖော်ပြလိုက်ရပါသည်။

စာပေသစ္စာဖြင့်

၁၅-၈-၂၀၁၉

ဒေါက်တာတင်ထွန်းဦး